# Bibliographic Data

| | | | | |
|---|---|---|---|---|
| **Author** | ကြန် ၊ ဒေါ် | KYAN , Daw | Kran‘ , Do‘ | **Art.** MK0019 |
| **Article Title** | ပရင်ဒါဂတ် နှင့် မင်းလှ ဂွေးချောင်း<br>(Prendergast and Min Hla Gwe Chaung)<br>Paran‘ da¯ gat‘ nhan‘ man‘" lha Gve" khyon‘" | | | |
| **Title (Book/Serial)** | ငွေတာရီ<br>Ngwe-tar-yi | | | |
| **Issue and Volume** | No. 196 | | | |
| **Edition** | | | | |
| **Place/ Publisher** | | | | |
| **Distributor** | | | | |
| **Ed. Date** | Oct. 1976 | | | |
| **Pagination** | p. 32 - 35 | | | |
| **Annotation** | The Third Anglo - Burmese War bagan on 15 November 1885 when General Prendergast and his army occupied the Upper Burma border area, Minhla and Gwe Chaung within two days. General Prendergast planned well for the operation as he had detailed intelligence about these area. The author observed that Myanmar's hospitality and generous manner is not necessarily good in a time of trouble. | | | |
| **Subject Terms** | 1. Myanmar - History<br>2. Myanmar - History - Third Anglo - Burmese War<br>3. Min Hla<br>4. Gwe Chaung | | | |
| **Key Words** | | | | |

# ပရင်ဒါဂတ်နှင့် မင်းလှ-ဂွေးချောင်း

မကြန်



တတိယ အင်္ဂလိပ် မြန်မာစစ်ပွဲသည် အချိန်ကာလအားဖြင့် လွန်စွာတိုတောင်းသည်။ ဂျင်နရယ်ပရင်ဒါဂတ်နှင့် သူ၏ တပ်ဖွဲ့များသည် အင်္ဂလိပ်မြန်မာနယ်စပ်ကို ၁၈၈၅-ခု၊ နိုဝင်ဘာလ ၁၅-ရက်နေ့ ဖြတ်ကျော်၍ ဧရာဝတီကြောင်းချီတက်ကြသည်။ ၁၆-ရက်နေ့တွင် ဆင်ပေါင်ဝဲနှင့် ညောင်ပင်မော် ခံကတုတ်များကို တိုက်ခိုက်၍ ၁၇-ရက်နေ့တွင် ဂွေးချောင်းနှင့် မင်းလှခံမြို့များကို သိမ်းပိုက်သည်။ မြင်းခြံမှ ဆီးဆို့ခုခံသည့် မြန်မာရဲမက်များအခြေမလှ၍ ၂၅-ရက်နေ့ ဆုတ်ခွာရပြီးနောက် ၂၆-ရက်နေ့တွင် ကျောက်မြောင်းအတွင်းဝန် ဦးရွှေအိုးနှင့် ဝက်မစွတ်ဝန်ထောက် ဦးအတ်တို့သည် မှန်စီရွှေထည့်ခိုတောင် ရွှေခဲခတ်လှေတော်တွင် စစ်ဆိုင်းအလံတင်၍ အမိန့်တော်ရ၊ ပရင်ဒါဂတ်နှင့် စကားပြောရန်သွားကြရသည်။ ၂၇-ရက်နေ့တွင် လွှတ်တော်မှဆင့်ဆိုချက်အရ အဝ၊ စစ်ကိုင်းနှင့်သပြေတန်းခံတပ်တို့ရှိ မြန်မာရဲမက်တို့ အတိုက်အခိုက်ရပ်စဲကာ လက်နက်ချကြရသည်။ အင်္ဂလိပ်စစ်သင်းဘောများ နေပြည်တော်ဆိပ်ကမ်းသို့ ၂၈-ရက်နေ့ဆိုက်ကပ်ပြီးလျှင် ၂၉-ရက်နေ့တွင် သီပေါမင်းကို နန်းချကာ ပြည်ပသို့ခေါ်ဆောင်သွားကြသည်။ စစ်ပွဲကာလမှာ ၁၄-ရက်မျှသာ ရှိသည်။

အထက်မြန်မာနိုင်ငံကို သွေးထွက်သံယိုမှု အနည်းဆုံးနှင့် အမြန်ဆုံး သိမ်းပိုက်နိုင်သည်ဟု အင်္ဂလိပ်တို့ဂုဏ်ယူကြသည်။ ပရင်ဒါဂတ်ကို များစွာချီးကျူးကြသည်။ ဧကရီဘုရင်မကြီး ကိုယ်တိုင် ပရင်ဒါဂတ်၏ စွမ်းရည်ကို နှစ်ထောင်းအားရစွာပါလီမန်မိန့်ခွန်းတွင် ထည့်သွင်းချီကျူးမိန့်မြွက်သည်။ နေပြည်တော်ကိုသိမ်းပိုက်၍ ဘုရင်ကို လွယ်လင့်တကူ ဖမ်းဆီးခေါ်ဆောင်သွားနိုင်ခြင်းနှင့် ပတ်သက်၍ ဗြိတိသျှတပ်များသည် သီပေါမင်းကို နန်းချကာ ညောင်ရမ်းမင်းသာကို နန်းတင်ရန်လာသည်ဟု မြန်မာတို့က ထင်မြင်သောကြောင့်ရင်း၊ ပရင်ဒါဂတ်၏ သင်းဘောပေါ်တွင် မောင်ဘသန်းဆိုသူကို မင်းသားအသွင် ဆင်ရင်၍ တင်ဆောင်လာသည်ဟု ၄င်း၊ ယင်းမင်းသားကို ညောင်ရမ်းမင်းသားဟု အထင်မှားသောကြောင့် မြန်မာရဲမက်တော်တို့သည် ရန်သူကို ထိထိမိမိ ဆီးဆို့တိုက်ခြင်းမပြုကြဟုရင်း မြန်မာတို့ ပြောစမှတ်ပြုကြသည်။

တခါက တတိယ အင်္ဂလိပ်မြန်မာ စစ်ပွဲအကြောင်းကို စကားစပ်မိ၍ ဆွေးနွေးပြောဆိုကြရာ မိတ်ဆွေတဦးက တတိယအင်္ဂလိပ်မြန်မာစစ်ပွဲအတွင်းကမြန်မာတို့တွင် ခံစစ်နှင့်ပတ်သက်၍ စီစဉ်မှု မဟာဗျူဟာနည်းဗျူဟာတို့မရှိဘူးလား ဟုမေးသည်။ ဧရာဝတီကြောင်းချီတက်လာမှုကို ဆီးဆို့မနိုင်ဘဲ တပ်လှန်သွားသော်မည်သို့ ဆက်လက်ခုခံမည်ဟု အစီအစဉ်မရှိသောကြောင့် လွယ်လွယ်ကူကူ လက်နက်ချလိုက်ရခြင်းဖြစ်သည်ဟု ထိုမိတ်ဆွေကဆိုသည်။

တတိယ အင်္ဂလိပ်မြန်မာစစ်တွင် အင်္ဂလိပ်ကိုခုခံရန် မြန်မာတို့စစ်သုံးကြောင်းခွဲ၍ချီသည်။ အောက်မြစ်စဉ်ကြောင်း၊ တောင်တွင်းကြီး ကြောင်းနှင့် တောင်ငူကြောင်းဖြစ်သည်။ ဧရာဝတီ မြစ်ကြောင်းတခုတည်းသာ အင်္ဂလိပ်တို့နှင့် ရင်ဆိုင် တိုက် လိုက် ရ သည်။ တောင်တွင်းကြောင်းနှင့် တောင်ငူကြောင်းချီ တပ်များကား လူစွမ်းမားစွမ်းပင် မပြလိုက်ကြရချေ။ ဧရာဝတီကြောင်းတွင်လည်း အဝစစ်ကိုင်းနှင့်သပြေတန်းခံတပ်တို့ရှိ ရဲမက်များ လူစွမ်းမားစွမ်းမပြရဘဲ လက်နက်ချလိုက်ကြသည်။ မြန်မာတို့ လွယ်လွယ်ကူကူနှင့်လွှက်လပ်ရေးဆုံးရှုံး၍ သူ့ကျွန်းလုံးလုံးဖြစ်ခဲ့ကြရာ၌ ညောင်းရမ်းမင်းသားကိုနန်းတင်မည်ဟုယုံကြည်ခြင်း၊ ရဲမက်တော်တို့ ထိထိရောက်ရောက်မခုခံခြင်း၊ မဟာဗျူဟာ နည်းဗျူဟာတို့ လိုနေခြင်းတို့ထက် များစွာအရေးကြီးသော အဓိကကျသော အချက်တခုရှိသည်။

ယင်းအချက်ကား မြန်မာတို့သည် အလွန်အကျူး ညော့ဝတ်ကျေကာ လောကဝတ်ကောင်းလွန်းသဖြင့် သူခိုးကို ဓားရိုးကမ်းမိခြင်းဖြစ်သည်။ သူခိုးကို ဓားရိုး ကမ်းမိပုံကား ဤသို့ ဖြစ်သည်း

၁၈၈၃–ခု၊ ဧပြီလ ၃–ရက်နေ့တွင် ပရင်ဒါဂတ်သည် ဗြိတိသျှမြန်မာပြည်တပ်မကို ဦးစီးရန် ဗိုလ်ချုပ် အဖြစ် တာဝန် ပေးအပ် ခံ ရ၍ ကိုယ်ရံတော် ကက်ပတိန် ဇီဂျီဒေါနယ်နှင့်အတူ ရန်ကုန်သို့ ရောက် လာသည်။ထိုစဉ်က မဟာဝန်ရှင်တော်မင်းကြီးမှာ ချားလ် ခရောစဝိတ်ဖြစ်သည်။ အင်္ဂလိပ်မြန်မာဆက်ဆံရေးမှာ မပြေပြစ်ချေ။ပြင်သစ်မြန်မာစာချုပ်ကြောင့်အင်္ဂလိပ်တို့ လွန်စွာ စနောင့်စနင်း ရှိနေချိန်ဖြစ်သည်။ ကုန်သည်ကြီးအသင်းများကလည်း အထက်မြန်မာနိုင်ငံကို ချိတက်သိမ်းပိုက်ရန် လှုံ့ဆော်တိုက်တွန်းလျက်ရှိသည်။ ထိုအချိန်က ဗြိတိသျှမြန်မာပြည်တွင် အမြင်အားဖြင့် ငြိမ်ဝပ် အေးချမ်းလျက်။ ရန်ကုန်မြို့တွင်လည်း စစ်ဖက်နယ်ဖက်အရာရှိကြီးငယ်တို့သည် မြင်းပွဲ၊ခရစ်တက်ပွဲ၊ ဂျင်မနာခါကလပ်၊ ကပွဲ၊ ပြပွဲ၊ ဆပ်ကပ်ပွဲများဖြင့် ပျော်မြူးလျက်ရှိကြသည်။ သို့သော် အတွင်းကျကျမူ၊ စစ်အလားအလာကို မျှော်မှန်းကာ၊ ရန်ကုန်၊ သရက်မြို့နှင့် မော်လမြိုင်ရှိ တပ်များတို့ အင်အားဖြည့်ခြင်း၊ သယ်ယူပို့ဆောင်ရေး အစီအရင်များ ပြုလုပ်ခြင်း၊ မြင်းများ၊ လားများအတွက် ဇောင်းများ ဆောက်လုပ်ခြင်းများကို ပြုလုပ်လျက် အရာရှိများ၊ တပ်သားများကို သယ်ယူပို့ဆောင်ရေး အစီအစဉ်များ ညွှန်ကြားကာ လက်တွေ့ လေ့ကျင့်လုပ်ဆောင်စေလျက်ရှိသည်။

ထိုအတွင်း မဟာဝန်ရှင်တော် မင်းကြီး ခရော့စဝိတ်နှင့် ဗိုလ်ချုပ် ပရင်ဒါဂတ် တို့သည် အင်္ဂလိပ်မြန်မာနယ်စပ်ကို လေ့လာရန် သရက်မြို့သို့ ခရီးထွက်ခဲ့ကြသည်။ သရက်မြို့မှ အနောက်ဖက် မိုင် ၄၀–ခန့်အကွာတွင် ရှိသော မင်းတုန်းသို့ နယ်စပ်အတိုင်း မြင်းကိုယ်စီနှင့် ခရီးပြင်း နှင်ခဲ့ကြသည်။ ပရင်ဒါဂတ်နှင့်အတူ သူ၏ ကိုယ်ရံတော် ကက်ပတိန် ဒေါနယ်နှင့် လက်ထောက် ကွာတာမာစတာ ဂျင်နရယ် ကက်ပတိန်ယူးလ် ဘိုလည်း ပါကြသည်။ ကက်ပတိန်ယူးလ်သည်ပုံဆွဲ အလွန်တော်သူ ပုံဆွဲ ဝါသနာပါသူ ဖြစ်သည်။ မြင်သမျှကို မလွှတ်တမ်း•ပုံကြမ်းရေးဆွဲလေသည်။

သရက်မြို့၌ရှိစဉ် ပရင်ဒါဂတ်သည် မင်းလှနှင့် ငွေးချောင်းခံမြို့များသို့သွားရန် အခွင့်အရေးရခဲ့သည်။ သရက်မြို့အရေးပိုင် ပီးလ်ချားသည် ရာဇဝတ်သားများ လဲလှယ်ရေးကိစ္စနှင့် အောက်မြစ်စဉ်ဝန်နှင့် တွေ့ရန် မင်းလှသို့သွားသောအခါ ပရင်ဒါဂတ်ကိုပါခေါ်သွားသည်။ ထိုသို့သွားကြစဉ်က မဟာဝန်ရှင်တော်မင်းကြီး ခရော့စဝိတ်၏သင်္ဘောငယ်'ရောဝတီ' ပေါ်တွင် ပရင်ဒါဂတ်သာမက စစ်ဖက်အရာရှိများ၊ပုလိပ်အရာရှိကြီးများ၊ စစ်ဘင်ခရာအဖွဲ့နှင့် အမျိုးသမီးများပါ တပျော်တပါးကြီး ပါကြသည်။အောက်မြစ်စဉ်ဝန်သည် သရက်မြို့ အရေးပိုင် ပီးလ်ချားကို သင်္ဘောပေါ်တွင် လာရောက်တွေ့ဆုံ နှုတ်ဆက်၍ ဆောင်ရွက်ဖွယ် ရှိသည်တို့ကို ဆောင်ရွက်သည်။ထိုနောက် တဖွဲ့လုံးကိုမင်းလှမြို့ပေါ်သို့ဖိတ်ခေါ်၍ ပွဲဖြင့်ညော့ခံဖျော်ဖြေသည်။

မမြော်လင့်ဘဲ အခွင့်ကောင်းကြီး ကြုံရသော ပရင်ဒါဂတ်သည် မင်းလှခံတပ် တည်ဆောက်ထားပုံကို အသေးစိတ် လေ့လာမှတ်သားသည်။ ခံတပ်အနေအထား ဝင်ပေါက် ထွက်ပေါက်များကို သဘောရှိလေ လာမှတ်သားနိုင်ခွင့်ရခဲ့သဖြင့် ပရင်ဒါဂတ်သည် ရန်ကုန်သို့ ပြန်ရောက်သည်နှင့်တပြိုင်နက် မင်းလှခံမြို့ တည်ဆောက်ထားပုံ အနေအထားတို့ကို အတိအကျ ရေးဆွဲ၍ မည်သို့ဝင်ရောက်တိုက်ခိုက်ရမည့် အစီအစဉ် ကိုပါ တပါတည်း အထက်သို့အစီရင်ခံနိုင်ခဲ့သည်။

လောကဝတ် ကောင်းလှသော အောက်မြစ်စဉ်ဝန်သည် ပရင်ဒါဂတ်တို့ကို ငွေးချောင်းခံ မြို့သို့လည်း လိုက်လံပြသသည်။ ယင်းလေ့လာရေး ခရီးများတွင် ပရင်ဒါဂတ်သည်အညတြတဦးအဖြစ်လိုက်ပါခဲ့သည်။ မင်းလှမြို့သို့ လိုက်ပါဘူးသည်ကိုလည်း ဖိဖိရိရိ ဖုံးဖိထားသည်။အောက်မြစ်စဉ် ဝန်ကလည်း ပရင်ဒါဂတ်ကို မင်းလှသို့ရောက်ဘူးသူဖြစ်ကြောင်း လုံးဝမမှတ်မိ၊ မရိပ်မိချေ။ ငွေးချောင်းခံမြို့တခုလုံးကို ပရင်ဒါဂတ်တို့ သဘောရှိ လေ့လာမှတ်သားခွင့် ရပြန်သည်။ ယင်းအကြောင်းနှင့်ပတ်သက်၍ ပရင်ဒါဂတ်က သူ၏မိတ်ဆွေတဦးထံ ရေးသောစာတွင်....

ကျွန်ုပ်တို့လူစု ဓနိအိမ်သို့ လျှောက် သွားကြသည်ကိုမြင်ရလျှင် သင် ပြုံးမိပေမည်။ မြန်မာစခန်းတို့

သည် ရွှေထီး ၂–လက်အမိုးခံရသည်။ ခံတပ်များကို ကြီးကြပ် ဆောက်လုပ်သူ အီတာလျံအရာရှိ ကို မိုတိုသည် ထီးနီတလက် ဆောင်းရသည်။ ကွန်ုပ်ကား အညတရ တဦးဖြစ်၍ ထီးတလက်မျှပင် ဆောင်းခွင့်မရချေ။ မြန်မာနယ်မြေ မြန်မာဝန်၏ နေအိမ်တွင် ဗြိတိသျှအမျိုးသားသီချင်းကိုဗြိတိသျှ စစ်တီးဝိုင်းက တီးမှုတ်သံကို ကြားရသည်မှာ ရင်ထဲတွင်ထူးခြားသောအရသာတမျိုးခံစားရသည်။ ထိုထက်ရယ်စရာ ကောင်းသည်မှာ မြန်မာအရာရှိများက ကွန်ုပ်အား ခံတပ်တခုလုံးကိုလိုက်လံပြသခြင်းဖြစ်သည်။ ငွေချောင်းခံတပ် တည်ဆောက်ပုံ အနေအထား၊ အဆင်းအတက်အဝင်အထွက်များကိုငှင်း၊ ခံတပ်ဝန်းကျင်နယ်မြေအခြေအနေ၊ ခရီးလမ်းပေါက်လမ်းဝများကိုငှင်း ကွန်ုပ်အသေးစိတ်လိုက်လံလေ့လာ မှတ်သားသည်ကို မည်သူကမျှ မဟန့်မတား၊ မကန့်ကွက်ဘဲ စေတနာသန်သန်နှင့် ခွင့်ပြုထားသည်မှာ ရယ်ဖွယ် အကောင်းဆုံး ဖြစ်တော့သည်။

ဟု ရေးသားထားသည်။ ထိုစဉ်က အောက် မြစ်ဝန်ကား သူသည်မည်မျှကြီးလေးသော ပြစ်မှုကြီးကိုကျူးလွန်မိကြောင်း လုံးဝမသိရှာလေ။

ပရင်ဒါဂတ်သည် ၁၈၈၃–ခုနှစ်ကို အင်္ဂလိပ်မြန်မာနယ်စပ်၌ တောနင်းရင်း အချိန်ကုန်လွန်စေခဲ့သည်။ ကက်ပတိန်ယူးလ်၊ ကက်ပတိန် ဒေါ်နယ်တို့နှင့်အတူ ပြည်နှင့် သရက်အကြား မြစ်ကြောင်း ခရီးကို သင်းဘောတစင်းနှင့် ခေါက်တုန့်ခေါက်ပြန် စုန်ဆန်လေ့လာသည်။ မှတ်သားသည်။ ပုံကြမ်းများရေးဆွဲကြသည်။ ထိုနောက် ပြည်နှင့်တောင်ငူအကြား နယ်စပ်တလျှောက် ကုန်းတွင်းဒေသကို မြင်းနှင့်တလှည့် လားနှင့်တခါ အဖွဲ့ဝင် ၆–ဦး၊ ရဲဖန်ရဲခါ ၈–ဦးနှင့် အတူ အဖန်ဖန်တောနင်းလေ့လာသည်။ ဆူးတပ် စည်းရိုးကာရံထားသည့် မြန်မာ့ရွာများကို စေ့စေ့စပ်စပ် လေ့လာသည်။ မြန်မာတို့၏နယ်စပ်ရှိ ကာကွယ်ရေး အစီရင်များ၊ ကတုတ်များ၊ ကင်းစခန်းများကို မှတ်သားသည်။ တောင်ငူမှ သံတောင်အထိ ခရီးလမ်း အခြေအနေကိုသွားကြည့်သည်။ ရောက်ရာအရပ်တိုင်းတွင် မြန်မာတို့က လောကဝတ်ပျူငှာရှိကြသည်။ ဧည့်ဝတ်ကျေကြသည်။ အိမ်များတွင် တည်းခိုခွင့် ပြုကြသည်။ ပရင်ဒါဂတ်တို့အဖွဲ့သည် များသောအားဖြင့် တနေ့လုံး တောတောင်အထပ်ထပ်ကို ခရီးပြင်း နှင်၍ ညအချိန်တွင် နီးရာ ပုလိပ်စခန်း၊ ကင်းစခန်း၊ ပုလိပ်အရာရှိတဲများတွင် ဝင်ရောက် တည်းခို အိပ်စက်ကြသည်။ ဤသို့ဖြင့်ပရင်ဒါဂတ်သည် အင်္ဂလိပ်မြန်မာနယ်စပ်တလျှောက် မြန်မာတို့လုပ်ဆောင်ထားသည့်ခံတပ်များ၊ ကတုတ်များ၊ စစ်လမ်းပေါက် လမ်းဝ များကို ၁၈၈၃–ခုနှစ်ကပင် နှံ့နှံ့စပ်စပ် လေ့လာမှတ်သားပြီး ဖြစ်လေသည်။

သရက်မြို့၌ နေစဉ် အတွင်း ပရင်ဒါဂတ်သည် သရက်မြို့ရှိ ခြေလျင်တပ်ရင်း ၂–ရင်းနှင့် အမြောက်တပ်ဖွဲ့ ၂–ခုကိုလည်း လုံးဝအနားမပေးချေ။ တောနင်းလေ့လာ၍ ရရှိသမျှကို လက်တွေ့အသုံးချနိုင်ရန် တောတောင်တွင်း လေ့ကျင့်ရေးတိုက်ပွဲများ ဆင်နွှဲစေသည်။ ခံကတုတ်များကို ဝင်စီးသည့် လေ့ကျင့်ခန်းများတိုက်ပွဲများကို မနားမနေ စမ်းသပ်လုပ်ဆောင်စေသည်။ ယင်းသို့ အရပ်ရပ် လေ့ကျင့်လုပ်ဆောင်ဖွယ် လေ့လာမှတ်သားဖွယ်တို့ကို ကျေနပ်လောက်အောင် ရယူပြီးမှ ပရင်ဒါဂတ်သည် အိန္ဒိယသို့ပြန်သည်။ ထိုကြောင့် ၁၈၈၅– ခုနှစ် နိုဝင်ဘာလတွင် အထက်မြန်မာနိုင်ငံကို ချီတက်သိမ်းပိုက်သောအခါ ပရင်ဒါဂတ်သည်မြန်မာတို့လွန်စွာအားထားနေသည့် မင်းလှနှင့် ငွေချောင်းခံတပ် ၂–ခုလုံးကို တရက်ထဲတွင် သိမ်းပိုက်၍ အလွယ်ကကူအောင်ပွဲရသည်မှာ မထူးဆန်းလှချေ။

ထို့ကြောင့် တတိယအင်္ဂလိပ်မြန်မာ စစ်တွင် မြန်မာတို့ လွယ်လွယ်ကူကူ မြန်မြန်ဆန်ဆန် လွတ်လပ်ရေး ဆုံးရှုံးခဲ့ရသည်မှာ ရဲမက်တော်တို့က ထိထိ ရောက်ရောက်မခုခံ၍၊ ညောင်ရမ်း မင်းသားကို နန်းတင်မည်ထင်၍ မဟာဗျူဟာ နည်းဗျူဟာ လို၍ ဆိုသည်တို့ထက် သူခိုးကို မားရိုးကမ်းမိ၍ဟု ဆိုချင်တော့သည်။ အင်္ဂလိပ်တို့သည် ၁၈၈၃–ခုနှစ်ကပင် အထက် မြန်မာနိုင်ငံသို့ စစ်တက်ရန် ပြင်ဆင်မှုများကို ဖိဖိရိရိ စီရင်လုပ်ဆောင်ခဲ့ကြသည်။ မြန်မာတို့ဘက်မှ လုပ်ဆောင်ထားသမျှသော ခံစစ်စခန်းနှင့် ကာကွယ်ရေး အစီအရင်တို့ကို ၁၈၈၃–ခုနှစ်ကပင် အင်္ဂလိပ်တို့က တိတိကျကျ လေ့လာ မှတ်သားရရှိထားပြီးဖြစ်သည်။ မိမိအကြောင်းကို တဖက်ရန်သူက

ထိုမျှ အတွင်းကျကျ သိရှိထားပြီးဖြစ်နေသဖြင့် မည်မျှ ကောင်းသည့် မဟာဗျူဟာ နည်းဗျူဟာတို့ပင် ရှိစေကာမူ ထိုစစ်ပွဲကို ခုခံနိုင်ရန်၊ အောင်မြင်နိုင်ရန် မြော်လင့်ဘွယ် မရှိတော့ဟု ဆိုချင်သည်။ ဖြစ်ရပ်ကား အလွန် ရင်နာဘွယ် ခံပြင်းဘွယ် ကောင်းလှသည်။

မြန်မာတို့ကား လောကဝတ် ကောင်းလှသည်။ ဧည့်ဝတ် ကျေပွန်လှသည်။ ဖော်ရွေပျူငှာရှိကြသည်။ ရိုးသားသည်။ စင်းသည်။ ယင်းဂုဏ်ထူးဝိသေသများကား များစွာနှစ်လိုဘွယ်ကောင်းပေသည်။ မွန်မြတ်လှပေသည်။ သို့သော် လွဲမှားသောနေရာတွင် လောကဝတ် ချော်မိသောကြောင့် သူခိုးကို ဓားရိုးကမ်းမိကာ တိုင်းပြည်နှင့်လူမျိုးပါ သူ့ကျွန်လုံးလုံး ဖြစ်ခဲ့ရသည်ကို သင်ခန်းစာ ရယူသင့်ပေသည်။

မကြန်